www.burmeseclassic.com

# လေဒီသန်းအေး

နှင်းဦး

ဒေါ်သန်းအေးကား အသက် ၃၅ နှစ်အရွယ်ရှိ အပျိုကြီးတစ်ယောက်ဖြစ်၏။ သူ့အား သူ့တူမများက အန်တီသန်းအေးဟု ခေါ်ကြ၊ ညီမများက မမသန်းဟု ခေါ်ကြ၏။ အရပ်ထဲမှ လူငယ်များက အန်တီသန်းအေးဟူ၍ပင် ခေါ်ကြ၏။ အရာရှိကတော်၊ မင်းကတော်များကမူ ဒေါ်သန်းအေး၊ မမသန်း၊ အန်တီသန်းစသဖြင့် အမျိုးမျိုးခေါ်၍ အလွန်အမင်း ရင်းနှီးသူများကမူ လေဒီသန်းအေးဟု ခေါ်ကြပြောကြလေသည်။

ဒေါ်သန်းအေးကား အစိုးရအထက်တန်းစား အရာရှိအရာခံများရပ်ကွက်တွင် ထင်ပေါ်ကျော်ကြား၍ လူသိများသောသူဖြစ်၏။ လူကြီးပိုင်းထက် လူငယ်ပိုင်းက ဒေါ်သန်းအေးကို ပို၍ခင်ကြ၏။ ချစ်ကြ၏။ ဒေါ်သန်းအေးကလည်း လူငယ်များနှင့် အဆက်အသွယ်များလျက် လူငယ်များနှင့်သာ အနေအထိုင်များ၏။

ဒေါ်သန်းအေးတွင် အတူနေသော ညီမတစ်ယောက်၊ တူမနှစ်ယောက်နှင့် တူတစ်ယောက်ရှိ၏။ ၎င်းတို့၏ ဖခင်မှာ ဒေါ်သန်းအေး၏ အစ်ကိုတော်သူတစ်ယောက်ဖြစ်၏။ ဖခင်သေဆုံးသွားပြီး တစ်လမကြာမီပင် မိခင်ပါ သေဆုံးသွားရာ ဒေါ်သန်းအေးကပင် ခေါ်ယူကြည့်ရှုလာခဲ့ရ၏။ ၅ နှစ်အရွယ်၊ ၁၀ နှစ်အရွယ်တွေကတည်းက ခေါ်ယူကျွေးမွေးလာခဲ့ရာ ယခုအချိန်တွင် ၎င်းတို့မှာ လူပျိုကြီးဖားဖား၊ အပျိုကြီးဖားဖား အရွယ်များသို့ပင် ရောက်ရှိလာကြပြီ ဖြစ်၏။ ညီမဆိုသူမှာလည်း အိမ်ထောင်ရှိသူမဟုတ်။ အစ်မဖြစ်သူနှင့်ပင် အတူနေလာခဲ့သူဖြစ်သောကြောင့် ဒေါ်သန်းအေး၏အိမ်မှာ လွတ်လပ်သူတွေချည်း ဖြစ်သည်။ ဒေါ်သန်းအေးကိုယ်တိုင်လည်း အသက် ၃၀ ကျော်လာသည့်အထိ အိမ်ထောင်မပြုခဲ့။ ကြွယ်ဝချမ်းသာသူပီပီ တစ်ကိုယ်ရေ တစ်ကာယ ညီမများ၊ တူမများနှင့် သိုက်သိုက်ဝန်းဝန်းနေလာခဲ့သူဖြစ်၏။ အိမ်ထောင်မပြုခဲ့ခြင်းမှာလည်း မရနိုင်၊ မယူနိုင်၍မဟုတ်။ မယူချင်ခဲ့၊ မစဉ်းစားခဲ့၍ဖြစ်၏။ အမှန်မှာ ဒေါ်သန်းအေးအေးလို မိန်းမချောကြီးတစ်ယောက်ကို လိုချင်သူတွေ ပေါများလှပေသည်။

ဒေါ်သန်းအေးကား ဥစ္စာပေါသလောက် ရုပ်ရည်ကလည်းလှ၏။ လုံးကြီးပေါက်လှ အချိုးအစားကျကျ ဖြူဖြူဖွေးဖွေးကြီးနှင့် အလွန်ကျက်သရေရှိသည်။ အသက်မှာ ၃၅ နှစ်ဟု ဆိုရသော်လည်း အရွယ်တင်သဖြင့် ၂၅ နှစ်လောက် ထင်ရအောင် နုပျိုပါပေသည်။ ဒေါ်သန်းအေးကို လိုချင်ကြသော အရာရှိများကား အသချေနှင့် အနန္တဖြစ်၏။ တစ်ဖက်လှည့်နှင့် ပြောခိုင်းသူများလည်း အများအပြားဖြစ်၏။ သို့သော် ဒေါ်သန်းအေးကား လက်မခံခဲ့။

ဒေါ်သန်းအေးသည် သူ့တူမများအတွက် စန္ဒရားတစ်လုံး ဝယ်ပေးထား၏။ သူကိုယ်တိုင်လည်း ကောင်းစွာတီးတတ်၏။ အရပ်ထဲမှ အရာရှိအရာခံ သားသမီးဟူသမျှ ဒေါ်သန်းအေးအိမ်တွင် စုရုံးနေထိုင်တတ်၏။ မိဘများကလည်း ဒေါ်သန်းအေးအိမ်သို့ သွားလာခြင်းကို စိတ်ချခွင့်ပြုထားကြလေသည်။

လူငယ်များသာ သွားလာနေထိုင်ကြသည်မဟုတ်၊ ဒေါ်သန်းအေးကို ပိုးပန်းကြသော အရာရှိအရာခံများ၏ ဝင်

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားလာကြ၏။ ဒေါ်သန်းအေးသည် ပေါင်းသင်းဆက်ဆံရေးတွင် ထူးချွန်လိမ္မာလှလေသည်။

မြို့ပေါ်တွင် လုပ်လေသမျှ သာမှု၊ နာမှု၊ ပျော်ပါးမှုဟူသရွေ့တို့၌ ဒေါ်သန်းအေးအား မဖိတ်ကြားဘဲ မနေဝံ့ကြ။ တီးပါတီတွင်လည်း ဒေါ်သန်းအေး၊ ဒင်းနားပါတီတွင်လည်း ဒေါ်သန်းအေး၊ ဘယ်မင်္ဂလာဆောင်၊ ဘယ်ရှင်ပြု၊ ဘယ်အလှူ၊ ဘယ်မသာတွင်ဖြစ်ဖြစ် ဒေါ်သန်းအေး ပါရလေရာ စိန်ဗေဒါမပါလျှင် အလှူမပြီးသလောက်ပါပဲဆိုသကဲ့သို့ ဒေါ်သန်းအေး မပါလျှင်လည်း မပြီးသလောက် ဒေါ်သန်းအေးမှာ ထင်ရှားကျော်ကြားသူတစ်ယောက် ဖြစ်လေသည်။

ဒေါ်သန်းအေးကို စွဲစွဲမြဲမြဲ အပိုးဆုံးလူကား အမြတ်တော်ကြေးဝန်ထောက် ဦးထွန်းအေးဖြစ်၏။ ဦးထွန်းအေးကား မုဆိုးဖိုတစ်ယောက်ဖြစ်သည်။ ပထမမယားကြီးသေသည်မှာ ၈ နှစ်ခန့် ရှိပြီဖြစ်သော်လည်း အိမ်ထောင်သစ်မရှာခဲ့ချေ။ အစိုးရအရာရှိဖြစ်သော်လည်း အသောက်အစားအကစားကင်းသူတစ်ယောက် ဖြစ်၏။

ထိုနေ့က အိပ်ရာမှထ၍ သွားတိုက်ရင်း အိမ်ရှေ့ဧည့်ခန်းသို့ ထွက်ခဲ့ရာ စားပွဲပေါ်တွင် စာအိတ် ၃ လုံး ဒေါ်သန်းအေးလိပ်စာဖြင့် ရောက်နေသည်ကို တွေ့ရလေသည်။ သွားပွတ်တံကို ပါးစောင်တွင် ထိုးသွင်းထားပြီး စာတစ်အိတ်ကို ယူဖောက်ကြည့်လေသည်။

မင်္ဂလာဆောင်ဖိတ်စာဖြစ်သည်။ မြောက်ဘက်တန်းထဲမှ စက်ရှင်စာရေးကြီး ဦးအေးသမီး တင်တင်လှနှင့် အရေးပိုင်ရုံးစာရေးကြီး ဦးမောင်ကြီးတို့၏သား ခင်မောင်အေးတို့ဖြစ်သည်။ ဒေါ်သန်းအေးသည် ပြုံး၍ စာအိတ်ကိုပြန်ချပြီး တခြားစာအိတ်တစ်အိတ်ကို ကောက်ယူ၍ ဖတ်ပြန်သည်။

မင်္ဂလာဆောင်ဖိတ်စာပင်ဖြစ်သည်။ ကျောက်စာဝန်ဦးမြ၏သား ကိုကိုကြီးနှင့် မြေပိုင်ရှင် ဦးဖေနှစ်တို့၏ သမီး ခင်သန်းနွယ်တို့ မင်္ဂလာဆောင်ဖြစ်၏။ ဒေါ်သန်းအေးလည်းပြုံး၍ စာအိတ်ကို ပြန်ချလိုက်၏။ နောက်တစ်စောင်ကောက်ယူပြန်၏။ ထိုအချိန်၌ ဒေါ်သန်းအေးသည် မဖောက်ခင်ကပြုံး၍ "တယ်လုပ်လိုက်ကြပါကလား ဒီဝါဆို"ဟု တိုးတိုးကလေး ပြောလိုက်မိလေသည်။

ထိုစာအိတ်သည်လည်း မင်္ဂလာဆောင်ဖိတ်စာပင်ဖြစ်သည်။ ၆ ရာဘက်တရားသူကြီး ဦးဘသိန်း၊ ဒေါ်အေးလှတို့၏သားနှင့် ဆည်မြောင်းဝန်ထောက် ဦးမြဘူး၊ ဒေါ်မြခင်တို့၏သမီး မေမေမြတို့ မင်္ဂလာဆောင်ဖြစ်သည်။ ဒေါ်သန်းအေးသည် သွားပွတ်တံကို ပြန်၍ဆုပ်ကိုင်ပြီး "ဆောင်ကြကွ... ဆောင်ကြ" ဟု တိုးတိုးညည်းညူပြီး ပြုံးပြုံးကြီးလုပ်၍ ဝင်ခဲ့လေသည်။

မျက်နှာသစ်ပြီးနောက် ကော်ဖီတစ်ခွက်နှင့် အိမ်ရှေ့သို့ ထွက်လာခဲ့၏။ သူ့စိတ်တွင် မင်္ဂလာဆောင်အကြောင်းတွေးလာ၏။ စားပွဲပေါ်တွင် ချထားသော သတင်းစာသည် လေတိုက်သဖြင့် တဖျတ်ဖျတ်လွင့်နေ၏။ ဒေါ်သန်းအေးသည် သတင်းစာကို ကောက်ယူလိုက်၏။ သူကောက်ယူလိုက်သော စာမျက်နှာမှာ ကြော်ငြာခန်းများသာပါသည်။ သို့သော် စာမျက်နှာတစ်ဝက်လုံးလုံးကား ထိမ်းမြားမင်္ဂလာသတင်းများနှင့် စေ့စပ်ကြောင်းလမ်းခြင်း သတင်းများသာပါရှိလေသည်။ ထိုသတင်းများကိုမြင်လျှင် ဒေါ်သန်းအေးသည် သက်ပြင်းတစ်ချက်ချ၍ "မင်္ဂလာဆောင်–မင်္ဂလာဆောင်၊ ဒီလည်းဆောင်၊ ဟိုလည်းဆောင်" ဟု တွေးလိုက်မိပြန်သည်။

ထိုနေ့တွင်ဒင်းနားပါတီတစ်ခုသို့ ဒေါ်သန်းအေးသွားရမည်ဖြစ်၏။ ထိုဒင်းနားပါတီသို့ သွားရန်အတွက် သူသည်သူ့တူမ ခင်ခင်ထားကို အဝတ်အစားများ ပြင်ထားနှင့်ရန်မှာထား၏။ အချိန်နီးကပ်လာသောအခါ အခန်းထဲသို့ဝင်ခဲ့ပြီး သူဝတ်သွားရမည့် အဝတ်များကို ဝတ်ဆင်လျက် "ဘယ်လိုနေလဲဟေ့... ထား... မင်းအန်တီ လှရဲ့လား" ဟု ခပ်သောသော မေးလိုက်၏။

"ဟာ... လှတာပေါ့... ကိုယ့်အန်တီမို့ ကိုယ်ပြောတာမဟုတ်ပါဘူး၊ သိပ်လှတာပဲ" ဟု မြှောက်ပင့်ပြောဆို၍ ရယ်လေ၏။ အမှန်လည်း ဒေါ်သန်းအေးမှာ မိန်းမချောတစ်ယောက် ဖြစ်သည်။ ရွှေဒင်္ဂါးရောင် ပိုးတွန့်ပုဝါ၊ ပါးလှပ်သော ပဒုမ္မာပိတ်ပါးအင်္ကျီတွင် တဝင်းဝင်းလက်နေသည့် စိန်ကြယ်သီးကလေးများဖြင့် ဒေါ်သန်းအေးမှာ အလွန်အဆင်ပြေလှလေသည်။ ဖြူဖွေးသောအသားနှင့် တစ်ပွင့်တည်း လက်နေသော စိန်နားကပ်တို့သည်လည်း များစွာပန့်ရလှလေသည်။ ဤဖက်ရှင်မျိုးတွေကြောင့်လည်း ဒေါ်သန်းအေး နာမည်ကြီးရလေသည်။

"အန်တီ ဘယ်အချိန်လောက် ရောက်လာမလဲဟင်၊

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကော ပါဦးမှာလား" ဟု ထားက မေးလိုက်ရာ ပြန်လာမည့်အချိန်ကို မမေးစဖူးမေးသဖြင့် "ဘာဖြစ်လို့တုန်း၊ ခါတိုင်းလိုပေါ့" ဟု မေးလေ၏။

"ဩော်... ထား အန်တီ့ကို ပြောစရာလေးတစ်ခု ရှိလို့ပါ"

"ဘာများတုန်း၊ ခုမသွားခင်ဘဲ ပြောစမ်းပါဦး"

"အို... ခုသွားခါနီး လာခါနီး မကောင်းသေးပါဘူး၊ ထားပြောမယ့်စကားက အေးအေးဆေးဆေးမှ ဖြစ်မှာ"

"အလို... တယ်ဆိုလိုက်ပါလား၊ ဘာများတုန်းကွာ၊ တန်တော့ ကောင်မလေး လင်လိုချင်ပြီထင်တယ်။ ပြောစမ်း မှန်မှန်၊ ဟုတ်တယ်မဟုတ်လား"

ဒေါ်သန်းအေးက ပြုံးပြုံးကြီးလုပ်၍ မေးလိုက်ရာ ထားလည်း ရှက်သွေးကလေး ဖြာသွားသကဲ့သို့ မျက်နှာကလေးအောက်ချ၍...

"အို... အန်တီကလည်း ပြောရေ့မယ်" ဟု ပြောလိုက်လေ၏။

"နို့... မဟုတ်ဘူးပေါ့"

ထားကား အဖြေမပေးဘဲ ခေါင်းကလေး ငုံ့မြဲငုံ့၍ ပြုံးနေလေ၏။

"ပြောလေ မချော... ခုတော့ မလှုပ်ဘူးလား"

"အန်တီတစ်ယောက်ဟာ သိပ်ပါးတာပဲ။ ဗိုက်ထဲ ပုဏ္ဏားရှိတဲ့ အတိုင်းပဲ" ဟု စပ်ဖြီးဖြီးပြောလိုက်ရာ ဒေါ်သန်းအေးလည်း အနားကပ်လာ၍–

"အေး... ငါထင်လိုက် ဘယ်တော့မှ မလွဲဘူး၊ ပြောစမ်း ပြောစမ်း၊ ဒါဖြင့် ဘယ်ကဟာနဲ့တုန်း"

"ကိုလှမြင့်နဲ့..." ဟု ပြော၍ ခေါင်းကလေးငုံ့ပစ်လိုက်၏။

"ဘယ်လှမြင့်လဲ... ဦးဘဟန်သားဟာလား"

ထားသည် ပါးစပ်ဖြင့်မဖြေ၊ ခေါင်းညိတ်၍ ဖြေလိုက်လေ၏။

"ဩော်... အဲဒီမောင်လှမြင့်လေးလား၊ အေး မျက်မှန်လေးတဝင်းဝင်းနဲ့ အတော်သားပဲ။ အဲဒါဘာဖြစ်သလဲ"

"သူက ထားကို ကြိုက်...ကြိုက်နေတယ် ဒေါ်လေးရဲ့"

"ညည်းကတော့ကော"

"ထားကတော့..."

"ထားကတော့တွေ၊ ဘာတွေ လုပ်မနေပါနဲ့တော့အေ ညည်းကလည်း ကြိုက်တယ်ထားကြပါစို့၊ ကဲ ဒါဖြင့် ဒေါ်လေးက ဘာအကူအညီ ပေးရမလဲ"

"ထားတို့ လက်ထပ်ချင်တယ် အန်တီ"

"ဩော်... ဒီလိုလား ထပ်တာပေါ့ကွဲ့၊ အန်တီ ဘာကန့်ကွက်စရာရှိသလဲ၊ ထားကြိုက်ရင် ပြီးတာပဲဥစ္စာ၊ အေးအေး ကြည့်စီမံပေးတာပေါ့၊ ဟုတ်လား ထား။ ဒေါ်လေးမြလည်း တိုင်ပင်ဦး၊ ကဲ သွားမယ်၊ ဩော်... အိုရချည်သေး၊ နာရချည်သေး..." ဟု ပြုံးပြုံးကြီးလုပ်၍ ညည်းတွားထွက်ခွာသွားရာ ထားလည်း

"အို... အန်တီကလည်း သိပ်ပြောင်တာပဲ" ဟု ပြောရင်း ကျန်ရစ်ခဲ့လေ၏။

ဒေါ်သန်းအေးသည် သူ့တူမများကို ချစ်သည်၊ အလိုလည်း လိုက်သည်။ တူမများကလည်း ချစ်ကြသည်။ တူမနှင့်အဒေါ် ဖြစ်ကြသော်လည်း သူငယ်ချင်းတွေလိုနေကြသဖြင့် သူတို့အိမ်မှာ သာယာသည်။ ဒေါ်သန်းအေးသည် တစ်လမ်းလုံး တူမလေး၏ အိမ်ထောင်ရေးကို စဉ်းစားသွားသည်။

"အင်း... တို့အိမ်ကလည်း တစ်ယောက်တော့ လျော့တော့မှာပါကလား" ဟု တွေးလိုက်မိသည်။

နောက်တစ်နေ့၌ ညီမဖြစ်သူ ခင်ခင်မြကို တိုင်ပင်ပြီး ထားကိစ္စကို စီစဉ်ပေးလိုက်လေသည်။

ထိုဝါဆိုတစ်လလုံး ဒေါ်သန်းအေးမှာ မင်္ဂလာဆောင်ကိစ္စများနှင့် အလုပ်များခဲ့ရလေသည်။ ဝါဝင်သွားမှပင် အားလပ်ချိန်ကောင်းကောင်း ရတော့သည်။

ဝါခေါင်လကုန်လောက်တွင် ဒေါ်သန်းအေး၏ တူတော်မောင် အလုပ်သင်မြို့အုပ်ကလေးအဖြစ်နှင့် အထက်စစ်ကိုင်းသို့ ပြောင်းသွားရရာ အိမ်တွင် လူတစ်ယောက်လျော့သွားပြန်လေ၏။ အိမ်၌ ယောကျ်ားမရှိတော့သည်ကို ဒေါ်သန်းအေးတွေးနေမိသည်။

တော်သလင်းလကုန်လောက်တွင် ဒေါ်သန်းအေးထံသို့ ဖိတ်စာများ ရောက်လာကြပြန်သည်။ ဝါဦးတုန်းကကဲ့သို့ပင် ဝါကျွတ်တွင်လည်း မင်္ဂလာဆောင်တွေ များလာသည်။ "လူတွေအားလျှင် ဒီအလုပ်ပဲ ရှိလေရော့သလား" ဟု ဒေါ်သန်းအေး တွေးမိသည်။

သီတင်းမကျွတ်ခင်ကတည်းက ဒေါ်သန်းအေးမှာ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ရေးအလုပ်တွေ ဆောင်ရွက်ခဲ့ရပြန်သည်။

စေ့စပ်ကြောင်းလမ်းရာတွင်လည်း ဒေါ်သန်းအေး၊ နားဖောက်သွားရာတွင်လည်း ဒေါ်သန်းအေးဖြစ်နေသောကြောင့် "သည်အလုပ်တွေဟာ လူတွေလုပ်ရမယ့်အလုပ်တွေများလား၊ လူတွေ ထုံးစံပဲလား" ဟု ဒေါ်သန်းအေးသည် ဃရာဝါသ အိမ်ထောင်ရေးပြဿနာကို တွေးတောစပြုမိလေသည်။

တစ်နေ့သ၌ ဒေါ်သန်းအေးထံသို့ စာတစ်စောင်ရောက်လာလေသည်။ ဒေါ်သန်းအေးသည် စာကိုဖောက်ကာ စာတိုက်တံဆိပ်ကို ကြည့်မိ၏။ စာမှာ ရန်ကုန်ကလာသောစာဖြစ်သည်။ မိတ်ဆွေမင်းကတော်တစ်ဦးဦးထံမှ အထင်ဖြင့် စာကိုဖောက်လိုက်ရာ များစွာအံ့အားသင့်သွားလေ၏။ သို့သော် ဒေါ်သန်းအေးမျက်နှာသည် ချက်ချင်းပြုံးလာလေ၏။ စာကိုဆုံးသည်အထိ ဖတ်ပြီးနောက် စာအိတ်ထောင့်စွန်းကလေးကို ပါးစပ်ဖြင့်ကိုက်ကာ လေတိုက်၍ လှုပ်ရှားနေသော ခန်းဆီးများကိုကြည့်ရင်း စဉ်းစားခန်းဝင်နေလေ၏။ နောက် သက်ပြင်းတစ်ချက်ချပြီး "မြရေ ခဏ" ဟု ညီမဖြစ်သူအား လှမ်း၍ခေါ်လိုက်လေ၏။

"ရှင်…မမသန်း" ဟူသောအသံနှင့်အတူ ခင်ခင်မြရောက်လာလေ၏။

"ဘာတုန်း မမ… မြကိုခေါ်တာ"

"သြော်…အင့်… ဒီစာကို ဖတ်ကြည့်စမ်း" ဟု စာကိုလှမ်းပေးလိုက်၏။

မြလည်း စာကိုကောက်၍ ဖတ်လေ၏။ ဖတ်ရင်းပြုံးလာလေ၏။ စာဆုံးပြီထင်ရသောအခါ ဒေါ်သန်းအေးက

"စာထဲက အတိုင်းပဲလား…" ဟု မေးလိုက်၏။

"ဟုတ်ကဲ့…" ဟု ဖြေ၍ မြလည်း ခေါင်းကလေး ငုံ့ထားလိုက်၏။

"ညည်းတို့ ဘယ်တုန်းကများ ဖြစ်လိုက်ကြတာတုန်းအေ၊ ငါဖြင့် သိဘဲမသိလိုက်ဘူး၊ မြန်လည်းမြန်ကြပါပေ့"

"မနှစ်တုန်းကလေ၊ မြတို့ ဘုရားကိုးဆူ ပူဇော်တုန်းက ကိုကြီးမြင့် ပါလာတာပေါ့၊ အဲဒီတုန်းက တွေ့ဖူးပြီး သူ ရန်ကုန်ရောက်တော့ စာရေးတာပဲ"

"အေ…အင်း…အင်း ဒီလိုကိုး၊ အေးလေ ဒါတော့ မင်းတို့လူငယ်ချင်း ကျေနပ်ကြရင် ပြီးတာပေါ့။ စီမံပေးရမှာပေါ့။ နေစမ်းပါဦး၊ ခု သူက ဘာတုန်း"

"အတွင်းဝန်ရုံး ဝန်ထောက်ကလေးလေ"

"သြော်… အင်း အင်း အေးလေ သီတင်းကျွတ်တော့ စီစဉ်ကြတာပေါ့" ဟု ပြောပြီး နေရာမှ ထခဲ့လေ၏။

"အင်း… တစ်ယောက်တော့ လျော့သွားပြန်ပြီ။ ဝါဆိုတစ်ယောက်၊ ဝါကျွတ်တစ်ယောက်၊ ကျန်တဲ့ သန်းသန်းက ဘယ်တော့များ ဖြစ်ပါလိမ့်၊ မြန်မြန်ရလည်း အေးတာပါပဲလေ၊ သူတို့ဟာနဲ့သူတို့ ဖြစ်သွားလည်း စိတ်ချသွားရတာပဲ" ဟု တွေး၍ အခန်းထဲသို့ ဝင်ခဲ့လေ၏။

ဒေါ်သန်းအေးကား အသက် ၃၅ နှစ်တိုင်အောင် တခြားသားသမီးများ အိမ်ထောင်ရေးကိုသာ ဝင်ရောက်ပါဝင်ခဲ့ရသည်။ ယခု သူ့မှာ သူ့သွေးသား သူ့တူမများ အိမ်ထောင်ရေးကို ဝင်ရောက်လာရလေပြီ။ ထိုနှစ်တစ်နှစ်လုံး ဒေါ်သန်းအေးမှာ အိမ်ထောင်ရေးကိစ္စတွေနှင့်ချည်း အချိန်တွေ ကုန်လွန်စေရတော့မည်လော။

အိမ်ထောင်ရေး၊ အိမ်ထောင်ရေး။ အိမ်ထောင်ခြင်း၊ သားမွေးခြင်း မလုပ်လျှင် သဘာဝနှင့် ဆန့်ကျင်နေမည်လော။ အိမ်ထောင်မပြုဘဲနေသော သူများသည် လူတွေလုပ်ဆောင်ရမည့် ဝတ္တရားများကို ဆန့်ကျင်နေသောသူများဟုပင် ဆိုကြလေမည်လောဟု ဒေါ်သန်းအေးသည် အိမ်ထောင်ရေးပြဿနာကို တွေးတောစပြုလေသည်။

လူများကား ဘာကြောင့် အိမ်ထောင်ပြုကြသနည်း။ ဘာကြောင့် မိဘမောင်ဘွား၊ အဒေါ်သားချင်းများနှင့် သိုက်သိုက်ဝန်းဝန်း မနေချင်ကြဘဲ အိမ်ထောင်ပြုကာ ခွဲခွာကြလေသနည်း။ ဘာကြောင့် မိဘများကို ခွဲရက်ကြသနည်း စသည်ဖြင့်လည်း ဒေါ်သန်းအေး စဉ်းစားကြည့်မိလေသည်။

ဒေါ်သန်းအေးကား စိတ်အေးလက်အေး မနေရသေး။ အိမ်ထောင်ရေးပြဿနာများကား ဆက်တိုက်ကြီးထပ်၍ပေါ်လာပြန်လေသည်။ စစ်ကိုင်းသို့ ပြောင်းသွားသော တူတော်မောင်ထံမှ ရောက်လာသော စာတစ်စောင်ကား ဒေါ်သန်းအေး ခေါင်းရှုပ်သွားစေလေသည်။ ယူကြ၊ ယူကြအကုန်ယူကြ။ တစ်ကျိတ်တည်း၊ တစ်ညာဏ်တည်း။ သူတို့တတွေ ညှိများထားကြလေရော့သလားဟု ဒေါ်သ ဖြစ်သွားလေသည်။

တူတော်မောင်ထံမှစာမှာ စစ်ကိုင်း၌ အတူနေသော

www.burmeseclassic.com

www.burmeseclassic.com



မြို့ပိုင်ဦးဘသန်း၏သမီးကို မကြာမီလက်ထပ်ချင်သည့်အကြောင်း၊ အဒေါ်လုပ်သူအား စစ်ကိုင်းသို့ အမြန်ဆင်းလာခဲ့ပါမည့်အကြောင်း ဖြစ်လေသည်။ စာနှင့်အတူ ဓာတ်ပုံလည်း ပါလာရာ ဒေါ်သန်းအေး ထုတ်၍ကြည့်လေ၏။ အတန်ကြာ စိုက်၍ကြည့်ပြီးနောက် နေရာမှ ဖြည်းလေးစွာ ထ၍ လက်နှစ်ဖက်ကို နောက်ပစ်၍လျှောက်ရင်းက စဉ်းစားပြန်လေသည်။

ကုန်ပြီ၊ ကုန်ပြီ၊ အားလုံးတာဝန်တွေ ကုန်ပြီ။ တစ်ယောက်ပဲ ကျန်တော့တယ်။ ဒီတစ်ယောက်ကလည်း ဘယ်တော့မဆိုနိုင်ဘူး။ အင်း ဒီတစ်ယောက် ယူသွားရင်တော့ ငါတစ်ယောက်တည်း ကျန်နေရစ်တော့မှာပဲ။ သူတို့မရှိရင် ငါနေလို့မှ ဖြစ်ပါတော့မလား။ လင့်နောက်မထည့်ဘဲ အားလုံးပဲ ငါ့အိမ်ခေါ်ထားမယ်ဟု ဒေါ်သန်းအေးသည် ရှေ့ရေးတွေတွေး၍ ရင်လေးသွားလေသည်။

သီတင်းကျွတ်လျှင် အသီးသီး ကိစ္စပြီးမြောက်သွားလေ၏။ သို့သော် ဒေါ်သန်းအေးထင်သလို မည်သူမျှ သူနှင့် မနေကြချေ။ အားလုံးပင် သူတို့လင်နောက်၊ မယားနောက် ပါသွားကြလေသည်။ ဒေါ်သန်းအေး အတော်စိတ်ပျက်သွားလေ၏။

ဪ... အိမ်ထောင်ရေး၊ အိမ်ထောင်ရေး။ ကိုယ့်အိုးကိုယ့်အိမ်နဲ့ လွတ်လွတ်လပ်လပ် နေချင်ကြမှာပေါ့လေဟု ဖြေရလေ၏။

မိမိအိမ်မှ တစ်နှစ်အတွင်း လူ ၃ ယောက်လုံးလုံး လျော့သွားသောအခါ ဒေါ်သန်းအေးမှာ မနေတတ်သလို ဖြစ်နေ၏။ အရင်ကလို ဆူဆူညံညံ တီးကြမှုတ်ကြသံများကို မကြားရတော့။ တစ်အိမ်လုံး တူဝရီးနှစ်ယောက်တည်းနှင့် အခိုင်းအစေ နှစ်ယောက်သာ ကျန်ရစ်တော့သဖြင့် ခြောက်သွေ့နေ၏။ လူတွေ လျော့သွားသောအခါတွင်မှ သူ၏ တစ်ကိုယ်တည်း နေနေရသောဘဝမှာ ပိုမိုထင်ရှားလာလေ၏။

ဒေါ်သန်းအေးသည် ပြီးခဲ့သော မင်္ဂလာဆောင် အခမ်းအနားများကို ပြန်လှန်စဉ်းစားကြည့်၏။ ပြီးခဲ့သော မင်္ဂလာဆောင်များမှ သတို့သမီး၊ သတို့သားများမျက်နှာကို မြင်ယောင်မိ၏။ မော်တပြုံးပြုံးနှင့် ပျော်မဆုံးနိုင်အောင် ရှိကြသည်ကို ဒေါ်သန်းအေး တွေ့ရ၏။ ဘာကြောင့် ပျော်ကြသနည်း။ ဒေါ်သန်းအေးသည် သူတို့သူတို့တွေ ဘာကြောင့်ပျော်သည်ကို သိချင်သည်။ အိမ်ထောင်ရေးသည် ပျော်စရာလော၊ အချို့က အိမ်ထောင်ခြင်းသည် စိတ်ညစ်ရသည်။ သောကများသည်ဟု ပြောကြသည်။ သို့သော် စိတ်ညစ်ရသောအလုပ်၊ သောကများလှသောအလုပ်ကိုပင် အဘယ့်ကြောင့် လူတွေ မက်မက်မောမော ပြုနေကြသနည်း၊ ဇွတ်တိုး၍ နေကြလေသနည်း။

ဒေါ်သန်းအေး တစ်ခါဖူးမျှ အိမ်ထောင်ရေးကိစ္စကို ယခုလောက်အထိ တစ်ခါဖူးမျှ မတွေးတောခဲ့။ အိမ်ထောင်ခြင်း၊ သားမွေးခြင်းအလုပ်သည် လူတိုင်းပြုရမည့်အလုပ်၊ လူတိုင်း မရှောင်မကွင်းသာသောအလုပ်၊ မလုပ်လျှင် လောကနှင့် ဆန့်ကျင်ရာ ကျမည်လော။ ယခုကဲ့သို့ မိမိ အိမ်ထောင်မပြုဘဲ နေခြင်းသည် လူ့ထုံးစံနှင့် ဆန့်ကျင်ရာများပင် ကျမည်လော။

ထိုနေ့ကား တနင်္ဂနွေနေ့ ရုံးပိတ်ရက်ဖြစ်သဖြင့် ဦးထွန်းအေး ပေါက်လာလေ၏။ တနင်္ဂနွေနေ့တိုင်း ဦးထွန်းအေး လာတတ်လေသည်။ ဦးထွန်းအေးသည် သူ့အိမ်ထောင်ဘက်အဖြစ် ဒေါ်သန်းအေးကို ရွေးချယ်မိသည်။ သို့သော် ထိုအကြောင်းနှင့်ပတ်သက်၍ တစ်ကြိမ်တစ်ခါတည်းသာ ပြောဖူးလေသည်။ ဒေါ်သန်းအေးက ငြင်းဆိုသဖြင့် ထိုအကြောင်းကို မစပ်တော့။ သို့သော် လူကြီးလူကောင်း ပီပီ ဝင်ထွက်သွားလာမြဲ သွားလာနေခဲ့ပေသည်။ ဒေါ်သန်းအေးကလည်း အငြိုအငြင်မရှိ မိတ်ဆွေရင်းကဲ့သို့ပင် ဆက်ဆံမြဲ ဆက်ဆံခဲ့လေသည်။

"ဪ... ဦးထွန်းအေးပါလား" ဟု ဒေါ်သန်းအေးသည် ဦးထွန်းအေးကို ဆီးကြိုနှုတ်ဆက်လိုက်ပြီး...

"ဒီနေ့ တနင်္ဂနွေနေ့ပါလား" ဟု ပြောလိုက်လေ၏။

"ဟုတ်တယ်လေ၊ တနင်္ဂနွေနေ့၊ သန်းသန်းတို့ကော"

"ရှိပါတယ်၊ အိပ်နေတယ် ထင်ပါရဲ့၊ ထိုင်ပါဦးလေ"

"ဟုတ်ကဲ့၊ မြကတော့ ကိုထွန်းမြင့်နဲ့ လိုက်သွားတာပေါ့နော်" ဟု ပြောရင်း နေရာလွတ်တစ်ခုတွင် ဝင်ထိုင်လေ၏။

"ဟုတ်ကဲ့. လိုက်သွားတယ်၊ ထားလည်း လိုက်သွားပြီ။ ပြီးတော့ ကိုရွှေမြဟန်ကလည်း သူ့မယားနဲ့ သူလေ"

"ဟင်...ဟင် ကုန်မယ့်ကုန်တော့လည်း တစ်ပြိုင်တည်းလိုပဲနော်။ ဒီလိုပေါ့လေ အချိန်တန်အရွယ်ရောက်လာ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တော့လည်း သည်အမှုတွေကို မရှောင်သာဘူးပေါ့။ စိတ်အေးရတာပေါ့ဗျာ"

ဒေါ်သန်းအေးသည် "အချိန်တန်အရွယ်ရောက်လာတော့လည်း သည်အမှုတွေကို မရှောင်သာဘူးပေါ့"ဟူသော စကားကို စဉ်းစားနေလေ၏။

ဤအမှုများကို အချိန်တန်အရွယ်ရောက်လျှင် လုပ်ရသလော၊ ဤအလုပ်များကား မရှောင်သာသော အလုပ်များလော။

"အေးတာပေါ့လေ၊ အိမ်လည်း ရှင်းသွားတာပေါ့" ဟု ဖြေလိုက်ရသော်လည်း သူစဉ်းစားနေသော အကြောင်းများကား ဦးခေါင်းထဲမှ မထွက်သေးချေ။

"ဒေါ်သန်းအေး အခုလို တူတွေ၊ တူမတွေ အိမ်ထောင်ကျသွားတော့ တစ်ယောက်တည်း မပျင်းဘူးလား၊ ပျင်းမှာပဲနော်"

"ဩော်... နေရတာတော့ ခြောက်သွားတာပေါ့"

"အင်း... အိမ်ထောင်ရေး၊ အိမ်ထောင်ရေး"ဟု ဦးထွန်းအေးသည် ထိုစကားကို ဒေါ်သန်းအေးကိုမကြည့်ဘဲ သူ့တစ်ကိုယ်တည်း ညည်းလိုက်လေသည်။

ဒေါ်သန်းအေးကား ဘာမျှမပြော၊ သူကိုယ်တိုင်လည်း အိမ်ထောင်ရေးအကြောင်းကို စဉ်းစားနေခြင်း ဖြစ်လေသည်။

"ဩော်... ဒါနဲ့ ပြောဖို့လာတာတောင် မေ့နေလိုက်တာ၊ ကျွန်တော် ပဲခူး ပြောင်းရတော့မယ်လေ" ဟု ဦးထွန်းအေးက ငြိမ်သက်ခြင်းကို ဖျက်လိုက်လေ၏။

"ဩော်... ဟုတ်လား၊ ဗြုန်းစားကြီးပါလား၊ ဘယ်တော့တုန်း"

"ဒီလကုန်ပဲလေ"

"ဟင်... အစိုးရအလုပ်များ ဖင်မမြဲဘူးနော်၊ ဝမ်းနည်းပါသေးရှင်"

"ဘယ်တတ်နိုင်မလဲလေ၊ ဝတ္တရားကို၊ သူ့ဆန်စားမင့်ပဲ"

"အမြတ်တော်ကြေးဝန်ထောက် အဖြစ်နဲ့ပဲပေါ့နော်"

"ဟုတ်ကဲ့"

"ဟိုမှာတော့ ဘယ်သူရှိသလဲ"

"ဟင့်အင်း၊ မရှိဘူး၊ အိမ်ငှားနေရမှာပဲ"

"စားအိမ်သောက်အိမ် အခံမရှိတာ ဆိုးတယ်နော်"

"သည်မှာလိုပဲ အရာရှိတစ်ယောက်ယောက်နဲ့ နေရမှာပေါ့၊ တစ်ကိုယ်တည်းနေရတာ မကောင်းဘူးဗျာ၊ သိပ်အောက်ကျတာပဲ။ အိုးခြေအိမ်ခြေ ကောင်းကောင်းမွန်မွန်နဲ့လည်း နေမဖြစ်၊ အခြေအနေနဲ့လည်း မနေရ။ အဝတ်အစားကလည်း ကောင်းကောင်းဝတ်ရတာမဟုတ်ဘူး။ မိန်းမသေပြီးကတည်းက ဖြစ်ချင်သလို ဖြစ်နေတာပဲ။ အထိန်းမရှိတဲ့ ချည်ခင်လိုပေါ့ဗျာ"

ဒေါ်သန်းအေးသည် ဦးထွန်းအေးစကားများကို နားထောင်ရင်း ဦးထွန်းအေးဘဝကိုပင် ပိုင်းခြားစိစစ်ကြည့်နေမိသည်။ ဒေါ်သန်းအေးသည် ဦးထွန်းအေးကို သနားသွားသည်။

"ဦးထွန်းအေး မင်းကတော်ဆုံးတာ ဘယ်လောက်ကြာပလဲ"

"ကြာပြီလေ ၉ နှစ်လောက်တော့ ရှိရော့မယ်"

နှစ်ယောက်စလုံး ငြိမ်သွားကြပြန်၏။ ကိုယ့်အတွေးနှင့်ကိုယ် ပြူတင်းတံခါးများဆီသို့ ငေးနေကြ၏။ နောက်

"ခဏနေဦး ကျွန်မ ကော်ဖီသွားဖျော်ခိုင်းလိုက်ဦးမယ်" ဟုပြော၍ ဒေါ်သန်းအေး ထသွားလေ၏။ ဦးထွန်းအေးကား မလှုပ်မယှက် ကျန်ရစ်ခဲ့လေသည်။

တစ်ကိုယ်ရေတစ်ကာယနေရသော ဘဝကိုပင် ဆင်ခြင်သုံးသပ်မိသည်။ အသက်အရွယ် ကြီးရင့်လာသည်အထိ ကူဖော်လောင်ဖက် အဖော်ဟူ၍ အရင်းအချာထဲမှ တစ်ယောက်မျှ မရှိသည်ကို တွေးရင်း ဝမ်းနည်းသလိုလို ဖြစ်မိ၏။

ဒေါ်သန်းအေး ပြန်ဝင်လာသောအခါ ဦးထွန်းအေးသည် ဒေါ်သန်းအေးကို မိန်းမလှကြီးပါပေတကား၊ အသက်နှင့်မလိုက်အောင်ပင် နုပါပေတကားဟု စိတ်ထဲတွင် ချီးကျူးလိုက်မိလေသည်။

နောက် ဦးထွန်းအေးသည် တစ်ခုခုကို ဆုံးဖြတ်သလို အားတင်းလိုက်ပြီး "ဒေါ်သန်းအေး" ဟု ခေါ်လိုက်လေသည်။

"ရှင် ကိုထွန်းအေး"

"ထိုင်ဦးဗျာ၊ ပြောစရာတစ်ခုရှိလို့၊ ကျွန်တော် တောင်းပန်ရမှာပါလေ၊ ပလ္လင်တွေ နိဒါန်းတွေလည်း ခံမနေချင်ပါဘူး၊ လူငယ်တွေလည်း မဟုတ်တော့ မလိုပါဘူး။ ဒေါ်သန်းအေးကို ကျွန်တော် လက်ထပ်ပါရစေဗျာ၊ လက်ခံ

www.burmeseclassic.com

www.burmeseclassic.com





ပါ"ဟု နိဒါန်းမချီပလ္လင်မခံဘဲ ဘွင်းဘွင်းကြီး ပြောလိုက်လေ၏။

ဒေါ်သန်းအေးကား ငယ်ရွယ်သူများလို ခေါင်းကလေး ငုံ့၍မသွားသော်လည်း ရှက်သွေးများ မွှန်သွားလေ၏။ သို့သော် ဣန္ဒြေမပျက် အသာအယာ ထိုင်ချလိုက်ပြီး အလုပ်တစ်ခုကို စဉ်းစားလေဟန် မျက်နှာထားဖြင့် စဉ်းစားနေရာမှ–

"သည်အသက် သည်အရွယ်ကြီးတွေကျမှ ရယ်စရာကြီး ဖြစ်မနေဘူးလားရှင်"ဟု ပြန်မေးလိုက်၏။

"အို အသက်နဲ့ ဘာဆိုင်လို့လဲ။ ဒေါ်သန်းအေး အသက်က ဘယ်လောက်များ ကြီးသေးလို့လဲ။ ဒေါ်သန်းအေး မငြင်းဘူးဆိုရင် ကျွန်တော် ပဲခူးမပြောင်းခင်ပဲ ဒီမှာ စီမံပြီး ပဲခူးကို ခေါ်သွားပါရစေ"

ဒေါ်သန်းအေးကား ငြိမ်နေလေ၏။ တော်ပါမည်လော။ သူစဉ်းစားသည်။ မတော်စရာကား မရှိပေ။ မုဆိုးဖိုဖြစ်သော်လည်း လူကောင်းကြီးတစ်ယောက် ဖြစ်သည်ကို ဒေါ်သန်းအေး ကောင်းကောင်းကြီးသိသည်။ အမှန်ဆိုက ဤလိုလူကို သူမငြင်းထိုက်။ အိမ်ထောင်ရေး၊ အိမ်ထောင်ရေးဟု ပါးစပ်မှ တိုးတိုးကလေး ရေရွတ်လိုက်မိလေသည်။

"ဒီအသက်အရွယ်အထိ တစ်ကိုယ်ရေတစ်ကာယ ဖြစ်နေရတာလည်း မတော်ပါဘူး ဒေါ်သန်းအေး။ ခုနက ကျွန်တော်ပြောသလို ကျွန်တော်တို့မှာ အိမ်ထောင်ထိန်းမရှိတော့ အထိန်းမဲ့ချည်ခင်လို ဖြစ်နေပါတယ်။ ပြီးတော့ ကျွန်တော်တို့ယောကျ်ားတွေမှာ မိန်းမမရှိရင် မဖြစ်သလို ဒေါ်သန်းအေးတို့မှာလည်း ယောကျ်ားမရှိရင် မသင့်တင့်ပါဘူး။ နောင် အသက်အရွယ်ကြီးလာတော့ တစ်ကိုယ်ရေတစ်ကာယနေတဲ့သူတွေမှာ သိပ်ဒုက္ခများလာတတ်ပါတယ်။ လက်ခံပါ ဒေါ်သန်းအေးရယ်။ ဒေါ်သန်းအေးလည်း ကျွန်တော် နားလည်သလောက် နားလည်မှာပါပဲ"

ဒေါ်သန်းအေးသည် ဦးထွန်းအေး၏ စကားများကို တစ်လုံးစီ ဝေဖန်ကြည့်နေ၏။ အမှန်ပင် ဦးထွန်းအေး ပြောသည့်အတိုင်း အဖော်လိုကြောင်းကို တွေးမိလေသည်။ ယခုပင်ရှိသော ညီမ၊ တူမနှင့် တူများ မရှိတော့ပြီဖြစ်ရာ နောက်ဆုံး၌ အထီးကျန်ဘဝသာ ရှိရတော့မည်။ ထိုသောအခါ သားထောက်မြေးခံမရှိ။ အကူအညီ သားချင်းမရှိသော မိမိဘဝသည် ဘယ်သို့နေမည်နည်း။ ဟုတ်သည်၊ မှန်သည်။ လောက၌ တစ်ကိုယ်တည်းနေ၍မဖြစ်။

ဒေါ်သန်းအေးသည် ဦးထွန်းအေးဘက် လှည့်ကြည့်လိုက်၏။ ဒေါ်သန်းအေးမှာ အဖြေမပေးတတ်၊ အပျိုကြီး ဒေါ်သန်းအေးမှာ အပျိုသွေးတွေဖြန်းနေသဖြင့် မဖြေတတ်။

"ဘယ်လိုသဘောရပါသလဲ ဒေါ်သန်းအေး သဘောတူလိုက်ပါဗျာ၊ ကျွန်တော် တောင်းပန်ပါတယ်"ဟု ထပ်ပြောလာသောအခါ မြဲ၍မနေတော့။

"ဟုတ်ကဲ့ ကျွန်မ စဉ်းစားပြီးပါပြီ"ဟု ထွက်သွားလေသည်။

"ဘယ်လို စဉ်းစားပြီးတာလဲခင်ဗျာ"

"ဦးထွန်းအေးပြောတဲ့အတိုင်း ဖြစ်နိုင်ပါလိမ့်မယ်"

"ဝမ်းသာလိုက်တာဗျာ၊ ဝမ်းသာလိုက်တာ၊ စောစောကကြားပါရစေတော့"ဟုအားရဝမ်းသာ ပြောလိုက်လေ၏။

အမြတ်တော်ကြေးဝန်ထောက် ဦးထွန်းအေးနှင့် အပျိုကြီး ဒေါ်သန်းအေးတို့ လက်ထပ်ကြတော့မည်ဟူသော သတင်းသည် အရာရှိပိုင်း ရပ်ကွက်တစ်ခွင်လုံး ပျံ့နှံ့သွားလေ၏။ အားလုံးပင် သူတို့ကို သဘောတူကြသည်၊ ဝမ်းမြောက်ဝမ်းသာဖြစ်သွားကြသည်။

"ဩော်... ဒေါ်သန်းအေး၊ ဒေါ်သန်းအေး" ဟု တမ်းတကြလေ၏။

ဒေါ်သန်းအေး၊ ဒေါ်သန်းအေး၊ ဒေါ်သန်းအေးကား သူတစ်ကိုယ်တည်းနေလျှင် ဤလင်တစ်ယောက်ကို ရချင်မှရမည်။ ယခုသော်ကား သူ့ပတ်ဝန်းကျင်ဖြစ်သော မင်္ဂလာဆောင်တွေက စေ့ဆော်ကြသဖြင့် တိုးတက်ပြောင်းလဲရပေသည်။ အိမ်ထောင်ရေးအသိကို သူ့ဘေးပတ်လည်ပြုခဲ့သော အိမ်ထောင်ရေးတို့က ပေးခဲ့လေသည်။ ထို့ကြောင့် ပတ်ဝန်းကျင်သည် လူတို့ကို ပြောင်းလဲစေ၍ ပတ်ဝန်းကျင်ကြောင့်ပင် လူတို့ တိုးတက်ပြောင်းလဲလာကြရပေသတည်း။

❖

အတွဲ–၃၊ အမှတ်–၂၅၊ ၁၉၄၉၊ ဇွန်၊
ရှုမဝ မဂ္ဂဇင်း

BURMESE CLASSIC .com

www.burmeseclassic.com